# ဆ ဆက္က ဇယား

| ဒွါရ(အစံဓာတ်) ၆-ပါး | အာရုံ(အတိုက်ဓာတ်) ၆-ပါး | ဝိညာဏ်(အပွင့်ဓာတ်) ၆-ပါး | ဖဿ ၆-ပါး | ဝေဒနာ ၆-ပါး | တဏှာ ၆-ပါး |
|---|---|---|---|---|---|
| စက္ခု ဒွါရ(မျက်စိ) | ရူပါရုံ(အဆင်း) | စက္ခုဝိညာဏ်စိတ်(မြင်သိစိတ်) | စက္ခုသမ္ဖဿ | စက္ခုသမ္ဖဿဇာ ဝေဒနာ | ရူပတဏှာ |
| သောတဒွါရ(နား) | သဒ္ဒါရုံ (အသံ) | သောတဝိညာဏ်စိတ်(ကြားသိစိတ်) | သောတသမ္ဖဿ | သောတသမ္ဖဿဇာ ဝေဒနာ | သဒ္ဒတဏှာ |
| ဃာနဒွါရ(နှာ) | ဂန္ဓာရုံ(အနံ့) | ဃာနဝိညာဏ်စိတ်( အနံ့သိစိတ်) | ဃာနသမ္ဖဿ | ဃာနသမ္ဖဿဇာ ဝေဒနာ | ဂန္ဓတဏှာ |
| ဇိဝှာဒွါရ(လျှာ) | ရသာရုံ(အရသာ) | ဇိဝှာဝိညာဏ်စိတ်(စားသိစိတ်) | ဇိဝှာသမ္ဖဿ | ဇိဝှာသမ္ဖဿဇာ ဝေဒနာ | ရသတဏှာ |
| ကာယဒွါရ(ကိုယ်) | ဖောဋ္ဌဗ္ဗာရုံ(အတွေ့အထိ) | ကာယဝိညာဏ်စိတ်(တွေ့ထိသိစိတ်) (ယား နာ ကောင်း သိစိတ်) | ကာယသမ္ဖဿ | ကာယသမ္ဖဿဇာ ဝေဒနာ | ဖောဋ္ဌဗ္ဗတဏှာ |
| မနောဒွါရ(ဘဝင်စိတ်) | ဓမ္မာရုံ(ကြံတွေးစရာ) (စိတ်ဖြင့်သိရသောသဘော) | မနောဝိညာဏ်စိတ်(ကြံစည်သိစိတ်) | မနောသမ္ဖဿ | မနောသမ္ဖဿဇာ ဝေဒနာ | ဓမ္မတဏှာ |

# ဝီထိဖြစ်ပုံ

| ပဉ္စဒွါရဝီထိ | | | | | | | | | | | | ဒုတိယ<br>တဒနုဝတ္တိကမနောဒွါရဝီထိ | | | | တတိယ<br>သုဒ္ဓမနောဒွါရဝီထိ | | | | စတုတ္ထ<br>သုဒ္ဓမနောဒွါရဝီထိ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| **စက္ခုဒွါရဝီထိ** | တီ | န | ဒ | ပ | စ | သမ် | သန် | ဝု | ဇော- ၇ | ရုံ- ၂ | ဘ | မ | ဇ-၇ | ရုံ | ဘ | မ | ဇ-၇ | ရုံ | ဘ | မ | ဇ-၇ | ရုံ | ဘ |
| **သောတဝီထိ** | တီ | န | ဒ | ပ | သော | သမ် | သန် | ဝု | ဇော- ၇ | ရုံ- ၂ | ဘ | မ | ဇ-၇ | ရုံ | ဘ | မ | ဇ-၇ | ရုံ | ဘ | မ | ဇ-၇ | ရုံ | ဘ |
| **ဃာနဝီထိ** | တီ | န | ဒ | ပ | ဃာ | သမ် | သန် | ဝု | ဇော- ၇ | ရုံ- ၂ | ဘ | မ | ဇ-၇ | ရုံ | ဘ | မ | ဇ-၇ | ရုံ | ဘ | မ | ဇ-၇ | ရုံ | ဘ |
| **ဇိဝှါဝီထိ** | တီ | န | ဒ | ပ | ဇိ | သမ် | သန် | ဝု | ဇော- ၇ | ရုံ- ၂ | ဘ | မ | ဇ-၇ | ရုံ | ဘ | မ | ဇ-၇ | ရုံ | ဘ | မ | ဇ-၇ | ရုံ | ဘ |
| **ကာယဝီထိ** | တီ | န | ဒ | ပ | ကာ | သမ် | သန် | ဝု | ဇော- ၇ | ရုံ- ၂ | ဘ | မ | ဇ-၇ | ရုံ | ဘ | မ | ဇ-၇ | ရုံ | ဘ | မ | ဇ-၇ | ရုံ | ဘ |

**မှတ်ချက်။** ။ အတီတဘဝင်ကို = တီ၊ ဘဝင်္ဂစလန = န၊ ဘဝင်္ဂုပစ္ဆေဒ = ဒ၊ ပဉ္စဒွါရာဝဇ္ဇန်း = ပ၊ စက္ခုဝိညာဉ် = စ၊ သမ္ပဋိစ္ဆိုင်း =သမ်၊ သန္တီရဏ =သန်၊ ဝုဋ္ဌော = ဝု၊ ဇော = ဇ၊ တဒါရုံ = ရုံ၊ ဘဝင်=ဘ၊ မနောဒွါရာဝဇ္ဇန်း = မ၊ သောတဝိညာဏ် = သော၊ ဃာနဝိညာဏ် = ဃာ၊ ဇိဝှါဝိညာဏ် =ဇိ၊ ကာယဝိညာဏ် =ကာ၊ ဟုမှတ်ပါ။ ။

၁။ မြင်သိစိတ်ဖြစ်ကြောင်းများ

စက္ခု+လောက၊ ရူပထင် ပီ၊ မနသီ၊ လေးလီ စက္ခုဖို့။

၂။ ကြားသိစိတ်ဖြစ်ကြောင်းများ

သောတာ+ကာသ၊ သဒ္ဒထင် ပီ၊ မနသီ၊ လေးလီ သောတဖို့။

၃။ နံသိစိတ်ဖြစ်ကြောင်းများ

ဃာန ဝါတ၊ ဂန္ဓ ထင် ပီ၊ မနသီ၊ လေးလီ ဃာနဖို့။

၄။ စားသိစိတ်ဖြစ်ကြောင်းများ

ဇိဝှာ တပ၊ ရသ ထင် ပီ၊ မနသီ၊ လေးလီ ဇိဝှာဖို ။

၅။ တွေ့ထိသိစိတ်ဖြစ်ကြောင်းများ

ကာယ ထဒ္ဓ၊ ဖောဋ္ဌ ထင် ပီ၊ မနသီ၊ လေးလီ ကာယဖို့။

၆။ ကြံသိစိတ်(တွေးသိစိတ်) ဖြစ်ကြောင်းများ

မနော ဟဒယ၊ မ ထင် ပီ၊ မနသီ၊ လေးလီ မန ဖို့။ (လယ်တီ ဆရာတော်)

အဆင်းအာရုံတစ်ခုကိုမြင်ရာ၌

၁။ ပထမဖြစ်သော စက္ခုဒွါရဝီထိဖြင့် - ပစ္စုပ္ပန်ရူပါရုံ(အဆင်းရောင်)ပုံရိပ်မျှကိုသာ သိသည်၊

ယောကျ်ားမိန်းမစသည်ဖြင့် မသိနိုင်ပါ။

၂။ ဒုတိယဖြစ်သော တဒနုဝတ္တိကမနောဒွါရဝီထိဖြင့် - စက္ခုဒွါရဝီထိသည် အာရုံပြုခဲ့သော အတိတ်ရူပါရုံအဆင်းအရောင်မျှကိုသာ သိသည်။

တဒါရုံ ကျသည်လည်းရှိသည်၊ မကျသည်လည်း ရှိသည်။ ။

၃။ တတိယဖြစ်သော သုဒ္ဓမနောဒွါရဝီထိစိတ်များဖြင့် - အတိတ်ရူပါရုံကိုစွဲပြီး အညို၊ အဝါ၊ အပြာစသည်(အတ္ထ)ပညတ်ကို သိသည်၊

တဒါရုံ ကျသည်လည်းရှိသည်၊ မကျသည်လည်း ရှိသည်။။

၄။ စတုတ္ထဖြစ်သော သုဒ္ဓမနောဒွါရဝီထိစိတ်များဖြင့် - အတိတ်ရူပါရုံကိုစွဲပြီး ယောကျ်ား၊ မိန်းမစသည် (နာမပညတ်=သဒ္ဒပညတ်)ကိုသိသည်။

ပညတ်ကို အာရုံပြုလျှင် တဒါရုံမကျနိုင်၊ ပရမတ်အာရုံပြုလျှင်ကား တဒါရုံကျသည်။

အသံတစ်ခုကို ကြားရာ၌

၁။ ပထမဖြစ်သော သောတဒွါရဝီထိစိတ်တိုဖြင် ပစ္စုပ္ပန်သဒ္ဒါရုံမျှကိုသာ သိသည်။
၂။ ဒုတိယဖြစ်သော တဒနုဝတ္တိကမနောဒွါရဝီထိစိတ်တိုဖြင့် အတိတ်သဒ္ဒါရုံမျှကိုသာ သိသည်။။
၃။ တတိယဖြစ်သော သုဒ္ဓမနောဒွါရဝီထိစိတ်တိုဖြင့် အတိတ်သဒ္ဒါရုံကိုစွဲပီး နာမ(သဒ္ဒ )ပညတ်ကို သိသည်။။
၄။ စတုတ္ထဖြစ်သော သုဒ္ဓမနောဒွါရဝီထိစိတ်တိုဖြင့် အတိတ်သဒ္ဒါရုံကိုစွ ပီး အတ္ထပညတ်ကို သိသည်။

မှတ်ချက်။ ။ မြင်ရာ၌ အတ္ထပညတ်ကို အရင်သိပြီး၊ နာမပညတ်ကို နောက်မှ သိသည်။
ကြားရာ၌မူ နာမပညတ်ကို အရင်သိပြီး၊ အတ္ထပညတ်ကို နောက်မှ သိသည်။